

# ရှမ်းပြည်နယ်လွှတ်တော်

## လွှတ်တော်သတင်းလွှာ

## Shan State Hluttaw Bulletin



၁၃၇၇ခုနှစ်၊တပို့တွဲလပြည့်ကျော်( ၂ )ရက်၊ ၂၅. ၂. ၂၀၁၆၊အတွဲ(၁)၊ အမှတ်(၁)







### ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)ကျင်းပ

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(ပထမနေ့)ကို(၈. ၂. ၂၀၁၆)ရက်နေ့ နံနက် (၁၀း၀၀)နာရီ အချိန်တွင် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၉၆)ဦး၊ တိုင်းရင်းသားလူမျိုးရေးရာကိုယ်စားလှယ်(၇)ဦး၊ တပ်မတော်သားကိုယ်စားလှယ်(၃၄)ဦး၊ စုစုပေါင်း (၁၃၇)ဦးရှိသည့်အနက်(၁၃၆)ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးဦးကျော်သူဇော် (ညွှန်ကြားရေးမှူး) က ဆောင်ရွက်ပါသည်။



ပြည်နယ်လွှတ်တော်သဘာပတိရွေးချယ်ရန်အတွက် လျှို့ဝှက်ဆန္ဒမဲပေးနေပုံ




ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းထွဋ်မှ ရှမ်းပြည်နယ်လွှတ်တော်သဘာပတိအဖြစ် ဆောင်ရွက်နေပုံ

### ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် သဘာပတိရွေးချယ်တင်မြှောက်ခြင်း

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၁)ဦးအား သဘာပတိအဖြစ် ရွေးချယ် တင်မြှောက်ခဲ့ရာတွင် သဘာပတိလောင်းအမည်စာရင်း တင်သွင်းခြင်းခံရသူ တစ်ဦးထက်ပိုနေသဖြင့် လျှို့ဝှက် ဆန္ဒမဲပေးပွဲ ဆောင်ရွက်ခဲ့ပါသည်။

သဘာပတိလောင်းအဖြစ် အမည်စာရင်းတင်သွင်း ခံရသူများဖြစ်သည့် လောက်ကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်သန်းထွဋ်နှင့် ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးညွှန့်လွင်(ခ) ဦးစိုးကြီးတို့ (၂)ဦးအား လျှို့ဝှက်ဆန္ဒမဲပေးခဲ့ရာ ဦးအောင်သန်းထွဋ်မှ (၈၃)မဲ၊ ဦးစိုးညွှန့်လွင်(ခ) ဦးစိုးကြီးမှ (၅၂)မဲ ရရှိခဲ့သဖြင့် ဆန္ဒမဲအများဆုံးရရှိသူ ဦးအောင်သန်းထွဋ်အား သဘာပတိအဖြစ် တင်မြှောက်ခဲ့ပါသည်။

**ပြည်သူ့အသံ လွှတ်တော်အသံ**
**ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ**
**ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်**

People's Voice, Hluttaw's Voice
People's Will, Hluttaw's Will
People's Expectation, Hluttaw's Implementation

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်း

(၈. ၂. ၂၀၁၆)ရက်နေ့(၁၁း၀၀)နာရီအချိန်တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး/ပြည်နယ်ဆိုင်ရာ ဥပဒေပုဒ်မ ၈(က)အရ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုနေစဉ်



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုနေစဉ်



ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ရုံး အကြီးအမှူး ဦးကျော်သူဇော် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်နေပုံ



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လျှို့ဝှက်ဆန္ဒမဲပေးနေပုံ

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်း

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌရွေးချယ် တင်မြှောက်ရန်အတွက် ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းခြင်း ဆောင်ရွက်ခဲ့ရာ တစ်ဦးထက် ပိုနေသဖြင့် လျှို့ဝှက်ဆန္ဒမဲပေးဆောင်ရွက်ခဲ့ပါသည်။ ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ ဦးစိုင်းလုံးဆိုင်၊ ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)နှင့် ဦးစိုင်းကျော်သိန်း၊ မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)တို့အား လျှို့ဝှက်ဆန္ဒမဲပေးကြရာ ဦးစိုင်းလုံးဆိုင်မှ (၈၈)မဲ၊ ဦးစိုင်းကျော်သိန်းမှ (၄၈)မဲ အသီးသီးရရှိခဲ့သဖြင့် မဲအများဆုံးရရှိသူ ဦးစိုင်းလုံးဆိုင်အား ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ပါသည်။



တပ်မတော်သား ကိုယ်စားလှယ်များ လျှို့ဝှက်ဆန္ဒမဲပေးနေပုံ




လျှို့ဝှက်ဆန္ဒမဲများအား ရှေ့မှောက်တွင် ရေတွက်စစ်ဆေးနေပုံ



လျှို့ဝှက်ဆန္ဒမဲများအား ရွေ့မှောက်တွင် ရေတွက်စစ်ဆေးနေပုံ

## ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်း

ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအား ရွေးချယ်တင်မြှောက်ခြင်း ဆောင်ရွက်ခဲ့ရာတစ်ဦးထက်ပိုနေသဖြင့် ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းခံရသူဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်၊ ရှာငံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)နှင့် ဒေါ်နန်းခင်ထားရီ၊ သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)တို့နှစ်ဦးအား လျှို့ဝှက်ဆန္ဒမဲပေးကြရာ ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်မှ (၈၄)မဲ၊ ဒေါ်နန်းခင်ထားရီမှ(၄၅)မဲ အသီးသီးရရှိသဖြင့် မဲအများဆုံးရရှိသူ ဦးစဝ်အောင်မြတ် (ခ) ဦးအောင်မြတ်အား ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ပါသည်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုခြင်း

(၈. ၂. ၂၀၁၆)ရက်နေ့(၁၁:၀၀)နာရီအချိန်တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်(ခ)ဦးအောင်မြတ်တို့သည် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာ ပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုနေစဉ်




---

## ရှမ်းပြည်နယ်လွှတ်တော်၏ မျှော်မှန်းချက်( Vision )

ရှမ်းပြည်နယ်သူ/သားတို့၏တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တန်းတူညီမျှရေး၊ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ပွင့်လင်းမြင်သာစွာဖြင့် ဖော်ဆောင်ပေးနိုင်မည့် လွှတ်တော်တစ်ရပ် ဖြစ်လာစေရန် ဖြစ်ပါသည်။

× × × × × × × × ×

## ရှမ်းပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ရန် တာဝန်( Mission )

ပြည်သူလူထု၏ လတ်တလောနှင့် ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေများ ရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းပြီးသော ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲပြဋ္ဌာန်းပြီးသော ဥပဒေများသည် ပြည်နယ်သူ/ပြည်နယ်သားများအတွက် အမှန်တကယ်အကျိုးစီးပွား ဖြစ်ထွန်းစေခြင်းရှိ/မရှိ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသော အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများအား ထိန်းညှိခြင်းနှင့် ပြည်သူ၏ဆန္ဒလိုအပ်ချက်များကို အမြန်ဆုံး အကောင်အထည်ဖော်ရေးအတွက် ပြည်သူများနှင့် အပြန်အလှန်ပိုမိုထိတွေ့ရင်းနှီးမှုများ ရရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။




## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အမှာစကားပြောကြားခြင်း

ဒုတိယအကြိမ်ရှမ်းပြည်နယ် လွှတ်တော်တွင် လွှတ်တော် ဥက္ကဋ္ဌ အဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးစိုင်းလုံးဆိုင်သည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များအား အမှာစကား ပြောကြားရာတွင် “ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန် အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒနှင့် ပြည်သူတို့ရဲ့ မျှော်လင့်ချက်များကို ဆတက်ထမ်းပိုး ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ကြပါစေလို့ ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းမှာ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် စတင်ရန်အတွက် ပထမခြေလှမ်းဖြစ်ပြီး ယခု ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲသည် ရလဒ်ကောင်းများပိုမိုရရှိမည့် ဒုတိယခြေလှမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ပြည်သူတွေက ယုံကြည်အားကိုးသည့် ကိုယ်စားလှယ်များအဖြစ် လွှတ်တော်မှာ ပြည်သူတွေအတွက် ခိုင်မာစွာရပ်တည်ဆောင်ရွက်နိုင်ရန် အတွက် တာဝန်ပေးအပ်ခြင်းခံရပြီး လွှတ်တော်အတွင်း တာဝန်များနှင့် လွှတ်တော် ပြင်ပ လုပ်ငန်းတာဝန်များကို စတင်တာဝန် ထမ်းဆောင်ရမည် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် ရှမ်းပြည်နယ်အတွင်း ဒေသအသီးသီး၊ အလွှာအသီးသီး၌ အဖွဲ့ အစည်းအသီးသီးက ကိုယ်စားလှယ်များဖြစ်ပြီး၊ တိုင်းရင်းသား ပေါင်းစုံပါဝင်လျက်ရှိပါတယ်။ လွှတ်တော်တာဝန်များကို ထမ်းဆောင်ရာမှာ တစ်ဦးကို တစ်ဦး ယုံယုံကြည်ကြည်ရင်းရင်း နှီးနှီးဆွေးနွေးတိုင်ပင်ညှိနှိုင်းခြင်းဖြင့် ရှမ်းပြည်နယ်၏ ကောင်းမွန်သည့် သမိုင်းသစ်ကို ရေးကြရမှာဖြစ်ပါတယ်။ လွှတ်တော်မှာပါတီစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ မထားဘဲနှင့် နိုင်ငံသူ /နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အတတ်နိုင်ဆုံး လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပထမအချက်အနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်။



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံးဆိုင်က အမှာစကား ပြောကြားနေစဉ်

စာမျက်နှာ(၅)သို့

**ဥက္ကဋ္ဌ အမှာစကားပြောကြားခြင်း အဆက်**

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မိမိတို့လွှတ်တော်သည် နိုင်ငံတော်၏ မဏ္ဍိုင် (၃)ရပ်အနက် ဥပဒေပြုရေး မဏ္ဍိုင်ကို ကျင့်သုံးဆောင်ရွက်ရန် အဓိကတာဝန်ရှိသည့် အားလျော်စွာ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေး လိုအပ်သော ဥပဒေများရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်က အတည်ပြုပြီး အုပ်ချုပ်ရေးအဖွဲ့က တာဝန်ယူထားတဲ့ အစိုးရအနေဖြင့် ပြဋ္ဌာန်းမည့် ဥပဒေသည် ပြည်သူလူထုက အမှန်တကယ်လိုက်နာနိုင်မည့် ဥပဒေ ဟုတ်/မဟုတ်၊ ပြည်သူတွေကို အကာအကွယ်ပေးနိုင်သည့် ဥပဒေ ဟုတ်/မဟုတ် လေ့လာသုံးသပ်ပြီး ဥပဒေ၏ အနှစ်သာရပိုင်း၊ ဥပဒေရေးထုံးအပိုင်းနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအပါအဝင်၊ တည်ဆဲဥပဒေနှင့်ညီညွတ်မှု ရှိ/မရှိ စိစစ်ရန်လိုအပ်ပါတယ်။

ယခုကျင်းပနေသည့် အစည်းအဝေးမှာ ရှမ်းပြည်နယ်တွင် ကျင်းပသည့်အစည်းအဝေးများအနက် အမြင့်ဆုံး အစည်းအဝေးဖြစ်ပါတယ်။ ထို့အတူ ပြည်သူတွေက ရွေးချယ်ပေးထားသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိတို့အား ရွေးချယ်ပေးထားသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသောပုဂ္ဂိုလ်များဖြစ်ကြသည့်အတွက် ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးကာလမှာ အပြော၊ အဆို၊ အပြုအမူ၊ အနေအထိုင်စသည့်ရှိသင့်သည့်အဆင့်အတန်းနှင့် လျော်ညီစွာရှိမည်ဟု ကျွန်တော့်အနေဖြင့် ယုံကြည်ထားပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့ အားလုံးသည် ရှမ်းပြည်နယ်မှာ နေထိုင်ကြသည့်ပြည်သူများ၏အကျိုးစီးပွားနှင့် အမျိုးသားအကျိုးစီးပွားဆောင်ရွက်ကြဖို့ ပြည်သူတို့၏ မျှော်လင့်ချက်များကို ဖော်ဆောင်ပေးရန် တူညီသော ရည်မှန်းချက်ဖြင့် လွှတ်တော်မှာ စုစည်းရောက်ရှိလာတဲ့အတွက် အပြန်အလှန်နားလည်မှုတည်ဆောက်ပြီး ဒီမိုကရေစီကျင့်စဉ်များ ရှင်သန်ခိုင်မာလာအောင်ကြိုးစားကြရမှာ ဖြစ်ပါ တယ်။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တာဝန်ပေးအပ်တဲ့အတွက် တာဝန်ကိုဝမ်းမြောက်ဂုဏ်ယူစွာဖြင့် အတတ်နိုင်ဆုံးကြိုးစားထမ်းဆောင်သွားပါမည်။ ကျွန်တော်အနေဖြင့် တာဝန်ဝတ္တရားများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း များနှင့်အညီ အဂတိကင်းရှင်းစွာဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသရွေ့ ဆောင်ရွက်ပါမည်။ သဘာပတိရှေ့မှောက်မှာ ကတိသစ္စာပြုထားသည့်အတိုင်း တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ပါမည်ဟု ဆန္ဒပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။”

**ဒီမိုကရေစီ ဖော်ဆောင်ရေး**
**လူငယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး**






ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်မှုလက်မှတ်ရေးထိုးနေစဉ်

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် သတင်းMedia များအား ခွင့်ပြုဆောင်ရွက်မှုအခြေအနေ

(၈-၂-၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင် သတင်းMedia များအား လွတ်လပ်စွာ သတင်းရယူနိုင်ရန်အတွက် သတင်းရယူခွင့်တင်ပြ လာသော ရှမ်းပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Southern Shan State Media Network၊ သျှမ်းသံတော်ဆင့်၊ Myanmar's Time၊ The People's Voice၊ Seven Day News Eleven Media Group တို့အား ခွင့်ပြုပေးခဲ့ပါသည်။



သတင်းMedia များ သတင်းမှတ်တမ်း ရယူနေပုံ



ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကျောက်တစ်လုံးကြီးရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံးဆိုင်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးစံလွင်၊ ဦးအောင်သန်းထွန်း၊ ဦးခွန်ရဲထွေး၊ ဦးခွန်မောင်ပယ်တို့တက်ရောက်စဉ်





(၁၂-၂-၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျောက်တစ်လုံးကြီးရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် တက်ရောက် ချီးမြှင့်စဉ်





ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပထမပုံမှန်အစည်းအဝေးတွင် ရိုးရာအထည်ပစ္စည်းများရောင်းချနေမှုအား လွှတ်တော်ကိုယ်စားလှယ်များမှ ကြည့်ရှုအားပေးနေစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ


ဦးဒါဝိဒ်
မိုင်းဆတ်(၂)


ဦးအီးရှာမွေ
မိုင်းပျဉ်း(၁)


ဦးစိုင်းလှဝင်း
မိုင်းပျဉ်း(၂)


ဦးစောမူးလာ
မိုင်းတုံ(၁)


ဦးဆန်းဝင်းအောင်(ခ)ဦးအောင်အောင်
မိုင်းတုံ(၂)


ဦးစိုင်းစွံဆိုင်း
တာချီလိတ်(၁)


ဦးခင်မောင်တင့်
တာချီလိတ်(၂)


ဦးစိုင်းကျောက်
မိုင်းဖြတ်(၁)


ဦးအားကို
မိုင်းဖြတ်(၂)


ဦးအိုက်ခမ်းလှိုင်
မိုင်းယောင်း(၁)


ဦးစိုင်းရှဲန်တစ်လုံ
မိုင်းယောင်း(၂)

## တိုင်းရင်းသားလူမျိုးရေးရာကိုယ်စားလှယ်များ


ဒေါက်တာအောင်သန်းမောင်
ဗမာတိုင်းရင်းသားလူမျိုး
ကိုယ်စားလှယ်


ဦးဇုတ်ဒေါင်
ကချင်တိုင်းရင်းသားလူမျိုး
ကိုယ်စားလှယ်


ဦးဂူဆာ
လီဆူတိုင်းရင်းသားလူမျိုး
ကိုယ်စားလှယ်


ဦးယောသပ်
လားဟူတိုင်းရင်းသားလူမျိုး
ကိုယ်စားလှယ်


ဦးအာဖေလ
အာခါတိုင်းရင်းသားလူမျိုး
ကိုယ်စားလှယ်


ဒေါက်တာထွန်းလှိုင်
အင်းတိုင်းရင်းသားလူမျိုး
ကိုယ်စားလှယ်


ဦးခွန်းအေးမောင်
ကယန်းတိုင်းရင်းသားလူမျိုး
ကိုယ်စားလှယ်

## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်၏ လုပ်ငန်းဆောင်ရွက်ချက်များ

ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် သက်တမ်းကာလအတွင်း ပုံမှန်အစည်းအဝေး(၁၃)ကြိမ်၊ အထူးအစည်းအဝေး(၄)ကြိမ်၊ အရေးပေါ်အစည်းအဝေး(၃)ကြိမ်၊ စုစုပေါင်း(၂၀)ကြိမ် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်ခဲ့သော ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးများတွင် အဆို(၃၆)ခုတင်သွင်းခဲ့ရာ အတည်ပြုသည့်အဆို(၁၆)ခု၊ မှတ်တမ်းတင်သည့်အဆို(၁၂)ခု၊မေးခွန်းပြောင်းသည့်အဆို(၂)ခု၊ ရုပ်သိမ်းသည့်အဆို(၆)ခုရှိခဲ့ပါသည်။

ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များမှ ကြယ်ပွင့်ပြမေးခွန်း(၄၅၈)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၂၁၇)ခု၊ စုစုပေါင်း(၆၇၅)ခု မေးမြန်းခဲ့ပါသည်။

**ရှမ်းပြည်နယ်လွှတ်တော်သို့တင်သွင်းခဲ့သော ဥပဒေများ**

| စဉ် | ခုနှစ် | ငွေစာရင်းဆိုင်ရာဥပဒေ | ဒေသန္တရစီမံကိန်းဥပဒေ | အများပြည်သူနှင့်ဆိုင်သောဥပဒေ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ၂၀၁၂ | ၄ | ၁ | ၁ | ၆ |
| ၂။ | ၂၀၁၃ | ၂ | ၁ | ၄ | ၇ |
| ၃။ | ၂၀၁၄ | ၂ | ၁ | ၃ | ၆ |
| ၄။ | ၂၀၁၅ | ၁ | ၁ | ၄ | ၆ |
| ၅။ | ၂၀၁၆ | ၂ | ၁ | - | ၃ |
| စုစုပေါင်း | | ၁၁ | ၅ | ၁၂ | ၂၈ |

### ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းခဲ့သော ဥပဒေများ

ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးများသို့ ငွေစာရင်းဆိုင်ရာ ဥပဒေ(၁၁)ခု၊ ဒေသန္တရစီမံကိန်းဥပဒေ(၅)ခု၊ အများပြည်သူနှင့် သက်ဆိုင်သော ဥပဒေ(၁၂)ခု၊ စုစုပေါင်း ဥပဒေ(၂၈)ခု တင်သွင်းခဲ့ပါသည်။

**ရှမ်းပြည်နယ်လွှတ်တော်၏ဦးတည်ချက်( Objectives )**

(၁) ဥပဒေပြုခြင်း
(၂) ကိုယ်စားပြုခြင်း
(၃) ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း
(၄) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေးမြင့်မားစေရေး ဆောင်ရွက်ခြင်း

ထုတ်ဝေသူ- ဦးထက်မာန်အောင်(ပ/၅၆၃၁)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနခွဲ(၆)၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး

**ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးများ**

| စဉ် | ခုနှစ် | ပုံမှန်အစည်းအဝေး | အထူးအစည်းအဝေး | အရေးပေါ်အစည်းအဝေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ၂၀၁၁ခုနှစ် | ၂ | ၁ | - | ၃ |
| ၂။ | ၂၀၁၂ခုနှစ် | ၃ | ၁ | - | ၄ |
| ၃။ | ၂၀၁၃ခုနှစ် | ၃ | ၁ | - | ၄ |
| ၄။ | ၂၀၁၄ခုနှစ် | ၃ | - | ၁ | ၄ |
| ၅။ | ၂၀၁၅ခုနှစ် | ၂ | - | ၁ | ၃ |
| ၆။ | ၂၀၁၆ခုနှစ် | - | ၁ | ၁ | ၂ |
| စုစုပေါင်း | | ၁၃ | ၄ | ၃ | ၂၀ |

### ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်း/တင်သွင်းခဲ့သည့် အဆိုမေးခွန်းများအပေါ် ပြန်လည်ဖြေကြားခြင်း

ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်း/တင်သွင်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း(၄၅၈)ခု မေးမြန်းခဲ့ပြီး မေးခွန်း(၄၄၀)အား တာဝန်ရှိသူများမှ ပြန်လည် ရှင်းလင်းဖြေကြားခဲ့ပါသည်။



ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင်မှ ၂၀၁၆-၂၀၁၇ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းအားရှင်းလင်းနေစဉ်



ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်းမှ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များအားရှင်းလင်းနေစဉ်